## အဓိက လုပ်ဆောင်သည့်နေရာများ

အဓိက လုပ်ဆောင်သည့်နေရာများမှာ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံအရှေ့တောင်ပိုင်း (ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်၊ တနင်္သာရီဒေသအချို့) ဒေသတွင်ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ဆောင်ခြင်းများအား ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း ချဲ့ထွင်လုပ်ဆောင်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင်လည်း ဒေသတွင်းရှိ မိတ်ဖက်အဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ ဒေသခံအားလုံး၏ နေထိုင်မှုအခြေအနေများ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်မှုများတွင် ပံ့ပိုးပေးလျက်ရှိကာ IDP များနှင့် ပြန်လည်ဝင်ရောက်လာသော သူများအတွက် ရေရှည်တည်တံ့သည့်ဖြေရှင်းရေးနည်းလမ်းများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးပါသည်။

## ထိရှလွယ်သောပဋိပက္ခနှင့်အားလုံးပါဝင်နိုင်မှု

"ထိခိုက်ခြင်းမရှိစေရ"နှင့် ထိရှလွယ်သောပဋိပက္ခအကြောင်းအရာ၊ အားလုံးပါဝင်နိုင်မှုနှင့်လူမှုရေးရာပေါင်း စည်းမှု၊ လူ့အခွင့်အရေးများနှင့်ကာကွယ်စောင့်ရှောက်ရေးများတို့သည် စီမံကိန်း၏ဒီဇိုင်း၊ အကောင်အထည် ဖော်ခြင်းနှင့်စောင့်ကြည့်ခြင်း၊ မိတ်ဖက်အဖွဲ့ရှာဖွေခြင်းနှင့် အရင်းအမြစ်ခွဲဝေခြင်းတို့အတွက် အဓိက စည်းမျဉ်းများဖြစ်သည်။ ဤသို့အားဖြင့် ဆွစ်လုပ်ဆောင်မှုအများစုအား ပဋိပက္ခသက်ရောက်သော ဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

## ငြိမ်းချမ်းရေး၊ နိုင်ငံထူထောင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး

1 NO POVERTY | 2 ZERO HUNGER | 5 GENDER EQUALITY | 10 REDUCED INEQUALITIES | 12 RESPONSIBLE CONSUMPTION AND PRODUCTION | 15 LIFE ON LAND | 16 PEACE, JUSTICE AND STRONG INSTITUTIONS | 17 PARTNERSHIPS FOR THE GOALS

ဆွစ်ဇာလန်နိုင်ငံသည် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီစည်းမျဉ်းများနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့အား မြှင့်တင်နိုင်ရန်အတွက် အဓိကအရေးပါသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်သောအဖွဲ့များနှင့်သော်လည်းကောင်း ပြင်ပအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့လုပ်ဆောင်မှုများသည် မြေ၊ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများအားရယူခြင်း ကဲ့သို့သော ပြည်သူများအား တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်ချခြင်းများတွင် ၎င်းတို့ကိုယ်တိုင် ကိုယ်ကျပါဝင်နိုင်ရန် အားပေးကူညီသည်။ ပိုမိုကောင်းမွန်လာသော ကာကွယ်စောင့်ရှောက်မှု၊ ကြံ့ကြံ့ခံနိုင်မှုနှင့် အုပ်ချုပ်မှုများအပြင် လူ့အခွင့်အရေးအား လေးစားလိုက်နာခြင်းစသည်တို့သည် လူမှုရေးရာပေါင်းစည်းသင့်မြတ်ခြင်း၊ ပြဿနာအသွင်ပြောင်းလဲခြင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့အတွက် အထောက်အကူပြုစေမည်ဖြစ်သည်။

**ရည်ရွယ်ချက်** - မြန်မာနိုင်ငံရှိ ပြည်သူများသည် အားလုံးပါဝင်နိုင်သည့်ငြိမ်းချမ်းရေး သဘောတူညီမှုများနှင့် ပြည်သူလူထု ပါဝင်မှုကိုမြှင့်တင်ပေးသည့် ပို၍တာဝန်ခံသော၊ ဗဟိုချုပ်ကိုင်မှုလျှော့ချသော၊ ဒီမိုကရေစီဆန်သော အဖွဲ့အစည်းများထံမှ အကျိုးကျေးဇူးများရရှိစေပါသည်။ ထိခိုက်လွယ်သူများနှင့် ပဋိပက္ခဒဏ်ခံစားရသောပြည်သူများအတွက် အကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ်များမှကာကွယ်ပေးရန်သာမက ၎င်းတို့၏ လူ့အခွင့်အရေးများကိုပါ လေးစားလိုက်နာ ပေးရန်ဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုများ၊ မြေနှင့်သဘာဝအရင်းအမြစ်သုံးစွဲနိုင်မှုများအတွက် ပိုမိုကောင်း မွန်သောချိတ်ဆက်မှုများကိုရရှိစေသည်။

**ရလဒ်များ**

၁။ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီပြောင်းလဲရေး - ငြိမ်းချမ်းရေးညှိနှိုင်းမှုများပြုလုပ်ကြသည့်ပါတီများသည် ၎င်းတို့၏မျှော်မှန်းချက်များအား ရေးဆွဲကြကာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသဘောတူညီမှုသို့ဦးတည်သည့် လုပ်ငန်းစဉ်များတွင်ပါဝင်ကြပြီး ပြန်လည်သင့်မြတ်မှု၊ ဒီမိုကရေစီပြောင်းလဲရေးနှင့် လူ့အခွင့်အရေးများစသည်တို့တွင် အားကောင်းလာစေရန် ပံ့ပိုးပေးကာ နိုင်ငံ၏ မတူကွဲပြားမှုများအား ထင်ဟပ်စေသော ဖက်ဒရယ်စီမံမှုကိုအသိပေးမှုများ ပြုလုပ်လာကြသည်။ Lead: Human Security Division

၂။ အုပ်ချုပ်မှု - ပိုမို၍တာဝန်ခံမှုရှိသော၊ ထိရောက်၍ ဗဟိုချုပ်ကိုင်မှုနည်းပါးသောအဖွဲ့အစည်းများ။ အရပ် ဘက်လူမှုအဖွဲ့အစည်းများ၊ ထိခိုက်လွယ်သောလူမှုအသိုင်းအဝိုင်းများနှင့် အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်ချမှုလုပ်ငန်းစဉ်တွင် အင်အားကောင်းစွာပါဝင်ခြင်း။ ပဋိပက္ခအသွင်ပြောင်းမှု၊ လူမှုရေးရာပေါင်းစည်းမှုနှင့် နိုင်ငံထူထောင်ခြင်းများကို အထောက်အကူပြုသည့် လူထုဝန်ဆောင်မှုများအား ပိုမို ညီမျှစွာချိတ်ဆက်နိုင်ခြင်း။ Lead: SDC South Cooperation

၃။ ကာကွယ်စောင့်ရှောက်ခြင်း - IDP များနှင့်ပြန်လည် ရောက်ရှိလာကြသူများအပါအဝင် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်ဒဏ် ခံစားရသောသူများအား ကာကွယ် စောင့်ရှောက်ခြင်းများ ပိုမိုအားကောင်းလာသည်။ ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းတွင်ပူးပေါင်းပါဝင်မှုပိုမိုကောင်းမွန်လာကာ လုံခြုံ၍ဘေးအန္တရာယ်ကင်းသော နေရာများတွင် နေထိုင်ကြပြီး အခြေခံဝန်ဆောင်မှုများ၊ သက်မွေးလုပ်ငန်းများနှင့် ညီမျှစွာချိတ်ဆက်နိုင်လာသည်။ ပြန်လည်ရောက်ရှိလာခြင်းနှင့် ပြန်လည်နေရာချထားခြင်းများကို နိုင်ငံတကာ စံနှုန်းများအတိုင်း လုပ်ဆောင်လာနိုင်သည်။ Lead: SDC Humanitarian Aid

## ကျွမ်းကျင်မှုအတတ်ပညာနှင့်ဈေးကွက်ဖွံ့ဖြိုးရေး

1 NO POVERTY | 4 QUALITY EDUCATION | 5 GENDER EQUALITY | 8 DECENT WORK AND ECONOMIC GROWTH | 10 REDUCED INEQUALITIES

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် အများပိုင်နှင့်ပုဂ္ဂလိကနှစ်ခုလုံးပါဝင်သည့် ဆွစ်ပညာရေးစနစ်အရ ရေးဆွဲထားသော TVET ပုံစံဖြင့် ဈေးကွက်တွင်လိုအပ်သော အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှု ပညာတိုးတက်ရေးကိုပံ့ပိုးပေးပါသည်။ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဝေးလံပြီး ပဋိပက္ခဖြစ်ပွားလျက်ရှိ သောနေရာများအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းကန့်သတ်မှုများရှိသော ဒေသ၌ တိုးတက်ကောင်းမွန်လာသော ဝန်ဆောင်မှုများနှင့်ဈေးကွက်များမှတဆင့် အကျိုးအမြတ်ရရှိသောအလုပ်အကိုင်နှင့် ဈေးကွက်လိုအပ်ချက်အရထုတ်လုပ်မှုတို့အတွက် စွမ်းရည်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

ရည်ရွယ်ချက် - ဈေးကွက်လိုအပ်ချက်ကို တုံ့ပြန်နိုင်သော အားလုံးပါဝင်စေသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာသင်ကြားမှု (TVET) စနစ်များအရ အမျိုးသမီးများနှင့် အမျိုးသား များအတွက် လူမှုစီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ပိုမိုရရှိစေသည်။

**ရလဒ်များ**

၁။ အထူးသဖြင့် အခွင့်အရေးနည်းပါးသည့်ဒေသများနှင့် ပဋိပက္ခဒဏ်ခံစားရသော ဒေသများရှိ အမျိုးသမီးများနှင့်အမျိုးသားများအနေနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုများနှင့် အားလုံးပါဝင်နိုင် သည့်ဈေးကွက်ချိတ်ဆက်မှုများမှတဆင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုင်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင် မှုအခွင့်အလမ်းများ တိုးတက်ရရှိလာသည်။

၂။ TVETနှင့် ဈေးကွက်စနစ်များ၏ ဝယ်လိုအားနှင့်ရောင်းလိုအားများကိုသတ်မှတ်ပေးသော မြန်မာနိုင်ငံရှိ အရေးပါသောအများပိုင်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆောင်ရွက်သူများအနေဖြင့် နယ်မြေတွင်း၊ နိုင်ငံတွင်းနှင့်ဒေသအတွင်းရှိ လုပ်သားဈေးကွက်၊ ဝန်ဆောင်မှုများနှင့် ကုန်စည်များအပေါ် ပိုမိုတုံ့ပြန်လာနိုင်သည်။

## ကျန်းမာရေး

1 NO POVERTY | 3 GOOD HEALTH AND WELL-BEING | 5 GENDER EQUALITY | 10 REDUCED INEQUALITIES

နိုင်ငံတော်အဆင့်နှင့် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်း (EHO)များအတူတကွ လက်တွဲဖော်ဆောင်ခြင်းဖြင့် ယုံကြည်မှုကိုတည်ဆောက်နိုင်ကာ ကျန်းမာရေးစနစ်များ၏ အားကောင်းမှုကို ထောက်ပံ့ပေးသည်သာမက အမျိုးသားကျန်းမာရေးစီမံကိန်းအရ အရည်အသွေးပြည့်မီ၍ အားလုံးလက်လှမ်းမီနိုင်သော ကျန်းမာရေးဝန်ဆောင်မှုများနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သောကျန်းမာရေး (UHC) ကိုပါရရှိစေသည်။ အာဟာရထောက်ပံ့ပေးမှုများအပါအဝင် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေး ဆိုင်ရာအသိပညာပေးမှုများအား ရရှိနိုင်မှုများသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်တိုးတက်ကောင်းမွန်စေမှုအတွက် အကျိုးရှိစေပါသည်။ တိုင်းရင်းသားနှင့် အစိုးရကျန်းမာရေးအဖွဲ့အစည်းများ အတူတကွပူးပေါင်းကာ အရည်အသွေးရှိသော ကျန်းမာရေးဝန်ဆောင်မှုများပေးခြင်းဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသရှိ လူမှုအသိုက်အဝန်းကို ခိုင်ခံ့စေပြီး ပဋိပက္ခဖြစ်ပွားစေသောအကြောင်းတရားများကို လည်း လျှော့ချနိုင်လာစေမည်ဖြစ်သည်။

ရည်ရွယ်ချက် - ပဋိပက္ခခံစားနေရသောဒေသနှင့် ဝေးလံသောဒေသများရှိ ထိခိုက်လွယ် သောပြည်သူများအတွက် အရည်အသွေးပြည့်မီသည့် အရေးပါသော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုများကို အဖွဲ့အစည်းများမှတဆင့် ရရှိစေသည်။

**ရလဒ်များ**

၁။ ထိခိုက်လွယ်သောသူများ အထူးသဖြင့်အမျိုးသမီးများနှင့်ကလေးသူငယ်များ၏ အခြေအနေများတိုးတက်လာကာ သင့်တော်၍ကျန်းမာသောအာဟာရများအပြင် အရေးပါပြီး လက်လှမ်းမီနိုင်သည့် အရည်အသွေးရှိကျန်းမာရေးဝန်ဆောင်မှုများနှင့် မည်သို့ကျန်းမာစွာနေထိုင်ရမည်ကိုနားလည်သည့် ကျန်းမာရေးဆိုင်ရာအသိများကို ခွဲခြားဆက်ဆံမှုမရှိဘဲ ရရှိနိုင်သည်။

၂။ ပဋိပက္ခအလေးထားခြင်းနည်းလမ်းများဖြင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်မှုတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းရည်များမြင့်မားလာသည်။

## ကဏ္ဍစုံနှင့်ဆက်စပ်သည့်အကြောင်းအရာများ

1 NO POVERTY | 5 GENDER EQUALITY | 10 REDUCED INEQUALITIES | 13 CLIMATE ACTION | 16 PEACE, JUSTICE AND STRONG INSTITUTIONS

**ကျားမရေးရာတန်းတူညီမျှမှု** - SDG 5 နှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၂) များနှင့်အတူ ကျားမရေးရာထိခိုက်လွယ်မှု ရလဒ်များနှင့် ကျားမခွဲခြားလေ့လာမှု ညွှန်းကိန်းများအရ ကျားမရေးရာတန်းတူညီမျှမှုသည် အဓိက ပါဝင်လာသည်။

**ကောင်းမွန်သောအုပ်ချုပ်မှု** - ကောင်းမွန်သောအုပ်ချုပ်ရေးအခြေခံမှုများ (ပါဝင်ဆောင်ရွက်ခြင်း၊ တာဝန်ခံခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ခွဲခြားဆက်ဆံမှုကင်းခြင်းနှင့် လူ့အခွင့်အရေး) နှင့် အကျိုးခံစားခွင့်ရရှိသူများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးဖြစ်စဉ်များအပေါ် အဓိကထားခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ၊ MSDP နှင့် ကိုက်ညီသည့် စည်းစနစ်ကျ၍ ဖြောင့်မတ်မှန်ကန်သော အုပ်ချုပ်မှုတရပ်ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

**သဘာဝဘေးအန္တရာယ်လျော့ချမှု (DRR), ရာသီဥတုပြောင်းလဲခြင်းအပေါ်လိုက်လျောညီထွေပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင်** - သဘာဝဘေးအန္တရာယ်လျော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေပြုခြင်းတို့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြီးမားသောအန္တရာယ်များ၊ ကြိုတင်ကာကွယ်မှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှု စွမ်းရည်အားနည်းမှုများကို သတိပြုမိလာစေသည်။ ထို့အတူ ဘန်ကောက်ရှိ SDC DRR ဌာနမှအကူအညီဖြင့် စီမံကိန်းများအနေနှင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ထိန်းသိမ်းခြင်းများကို ပိုမိုအလေးထား၍ မြှင့်တင်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံး
Vantage Tower ၊ အမှတ် ၆၂၃၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်
ဖုန်းနံပါတ်။ +95 1 230 7465-7 ဖက်စ်။ +95 1 230 7469
အီးမေးလ် - yangon@eda.admin.ch Web : www.eda.admin.ch/yangon

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

# ဆွစ်ပူးပေါင်းဆောင်ရွက်ရေး စီမံချက် မြန်မာ (၂၀၁၉-၂၀၂၃)





## ဆွစ်ဇာလန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်းဆောင်ရွက်မှုများ

ဆွစ်ဇာလန်နိုင်ငံသည် မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားမှု အကူအညီများကို (၁၉၉၀) ပြည့်နှစ်များ၏ အလယ်လောက်တွင်စတင်၍ ကူညီထောက်ပံ့ပေးခဲ့ကာ ရွှေ့ပြောင်း ပြည်သူများ၊ ပြည်တွင်းစစ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ ခံစားရသူများကို အဓိကကူညီခဲ့ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးအား (၂၀၀၈) ခုနှစ် နာဂစ် မုန်တိုင်းကြုံတွေ့ရပြီး နောက်ပိုင်းတွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန် သံရုံးကို (၂၀၁၂) ခုနှစ် သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၃ - ၂၀၁၇ (၂၀၁၈အထိတိုးမြှင့်ခဲ့) မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ် မဟာဗျူဟာဆောင်ရွက်မှုအရ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ တိုးတက်လာခဲ့ပါသည်။

## အောင်မြင်မှုရလဒ်များ (၂၀၁၃-၂၀၁၈)

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအကူး အပြောင်းများအတွက် ထောက်ပံ့ကူညီခဲ့ပါသည်။ အစီအစဉ်အသုံးစရိတ်များအတွက် စုစုပေါင်းဆွစ်ဖရန့်ငွေ ၁၇၉ သန်းအသုံးပြုခဲ့ကာ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဖော်ပြပါ ကဏ္ဍ(၄)ခု တွင်ပံ့ပိုးပေးခဲ့ပါသည်၊ သက်မွေးကျွမ်းကျင်မှုပညာဖွံ့ဖြိုးရေး (၁၅ ရာခိုင်နှုန်း)၊ လယ်ယာ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေး (၃၁ ရာခိုင်နှုန်း)၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဒေသတွင်းအုပ်ချုပ်ရေး (၂၇ ရာခိုင်နှုန်း)၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ အသွင်ပြောင်းလဲရေးနှင့် ကာကွယ်စောင့်ရှောက်ရေး (၂၅ ရာခိုင်နှုန်း)၊ ထို့အပြင် ယဉ်ကျေးမှု နှင့် အခြားစီမံကိန်း ငယ်များအတွက် (၂ ရာခိုင်နှုန်း)တို့ ဖြစ်ပါသည်။
ဆွစ်ဇာလန်သည် တတ်ကျွမ်းမှုဆိုင်ရာဖွံ့ဖြိုးရေးစနစ်များတွင် ၎င်း၏ကျွမ်းကျင်မှုအတွက် အသိအမှတ်ပြုခြင်းခံရပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ပါဝင်လုပ်ဆောင်ပေးမှုများတွင် ပုဂ္ဂလိက ကဏ္ဍများနှင့်အတူတကွလုပ်ဆောင်ကာ ဈေးကွက်ဝယ်လိုအားနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေသည့် အခွင့်အလမ်းများကို ဖော်ထုတ်ပေးခြင်းဖြင့် ပဋိပက္ခသက်ရောက်မှုရှိသော ဒေသများအပါအဝင် အခွင့်အရေးနည်းပါးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စနစ်တကျတိုးတက်ပြောင်းလဲစေရန်ပံ့ပိုးပေးပါသည်။ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်သောနည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး (TVET) ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် တက်ကြွစွာပါဝင်ခဲ့ပါသည်။



အဓိက လုပ်ဆောင်အောင်မြင်မှုများမှာ

- လူငယ်နှင့်လူကြီးဦးရေ (၇၀၀၀) ကျော် (အမျိုးသမီး ပါဝင်မှု ၅၀ ရာခိုင်နှုန်း) မှသက်မွေး ကျွမ်းကျင်မှု သင်တန်းရရှိခဲ့ကာ ၎င်းတို့အနက် ၇၀ ရာခိုင်နှုန်းမှာ ပျှမ်းမျှဝင်ငွေ၏ ၃၅၀ ရာခိုင်နှုန်းတိုးမြှင့်လာသော အလုပ်အကိုင်များရရှိခဲ့သည်။
- ဆွစ်ကျွမ်းကျင်မှုပညာအစပြုအစီအစဉ်မှ အမျိုးသားအဆင့် ပညာရေးမဟာဗျူဟာ အစီအစဉ်နှင့် TVET ဥပဒေရေးဆွဲရာတွင် ပံ့ပိုးပါဝင်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် တိုင်းရင်းသားလူမျိုးစုအားလုံးရှိ စိုက်ပျိုးမြေအနည်းငယ်သာ ပိုင်ဆိုင်သူများနှင့် မြေမရှိသောလယ်သမားများအတွက် စားနပ်ရိက္ခာဖူလုံမှုတိုးမြင့်ရေး၊ သက်မွေးလုပ်ငန်းများနှင့် မြေအသုံးပြုမှုများရရှိနိုင်ရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာထုတ်လုပ်နိုင်စွမ်းနှင့် ဝင်ငွေရရှိမှုတို့အတွက် ပံ့ပိုးပေးခဲ့ပါသည်။ အဓိကလုပ်ဆောင် အောင်မြင်မှုများမှာ

- ပထမဆုံးသော မြန်မာနိုင်ငံအမျိုးသားမြေအသုံးချမှု မူဝါဒအား အမျိုးသမီးများအတွက် မြေအခွင့် အလမ်းဆိုင်ရာရည်ညွှန်းမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်စနစ်များအား အသိအမှတ်ပြုမှုတို့နှင့် အတူရေးဆွဲနိုင်ခဲ့သည်၊ ဤမူဝါဒအား အကောင်အထည်ဖော်ရာတွင် ပံ့ပိုးနိုင်ရန်အတွက် အမျိုးသား မြေအသုံးပြုမှုကောင်စီအားဖွဲ့စည်းနိုင်ခဲ့သည်။
- One Map Myanmar ၏စီမံကိန်းမှနေ၍ မူဝါဒများနှင့်ကျင့်သုံးမှုများ တိုးတက်ကောင်းမွန်လာစေရန် အများချိတ်ဆက်အသုံးပြုနိုင်သည့် အွန်လိုင်းအချက်အလက်များကို ဖန်တီးပေးနိုင်ခဲ့သည်။ (ဥပမာ၊ ရေနံချက်စက်ရုံများ၏ အများပြည်သူအပေါ် အကျိုးသက်ရောက်မှုကို လေ့လာသုံးသပ်နိုင်ခြင်း)
- မွန်ပြည်နယ်ရှိ ရာဘာလုပ်ငန်းများအတွက် တန်ဖိုးကွင်းဆက်မြှင့်တင်ခြင်းနည်းလမ်းကို မိတ်ဆက်ပေးနိုင်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ၏ ပါဝင်လုပ်ဆောင်ပေးမှုများအရ အခွင့်အရေးနည်းပါးသူများအတွက် အခြေခံလူမှုရေးဝန်ဆောင်မှုများအားရရှိနိုင်မှု တိုးတက်ကောင်းမွန်လာပြီး ပိုမိုပါဝင်နိုင်သော အုပ်ချုပ်မှုအတွက်ပံ့ပိုးပေးနိုင်ခဲ့သည်။ လုပ်ဆောင်မှုများ၌ အစိုးရဌာနများ၊ EAOများနှင့် ချိတ်ဆက်လုပ်ဆောင်မှုများအားတည်ဆောက်ကာ အထူးသဖြင့် အမျိုးမျိုးသော အုပ်ချုပ်စီမံမှု လက်အောက်ရှိ ဝေးလံသောဒေသများပါမကျန် အခြေခံကျန်းမာရေးဝန်ဆောင်မှုများနှင့် စာသင်ကျောင်းများအား ချိတ်ဆက်နိုင်မှုကို ကျယ်ပြန့်လာစေသည်။ အဓိကလုပ်ဆောင် အောင်မြင်မှုများမှာ

- ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်း (PHC) အရ ကလေးမွေးဖွားမှုအရေအတွက် (၂၅၀,၀၀၀)အား ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများမှ မွေးဖွားပေးနိုင်ခဲ့သည်၊ ကိုယ်ဝန်ဆောင် မိခင် (၇၈,၀၀၀) ဦးသည် (တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (EHO)မှအပါအဝင်) အရေးပေါ်လွှဲပြောင်းပေးသော ဝန်ဆောင်မှုကိုရရှိခဲ့သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းအားဖြင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်းအား လျှော့ချနိုင်ခဲ့သည်။

- မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ ကျန်းမာရေးစင်တာများနှင့်ကျောင်းများ စုစုပေါင်း (၁၆၀) ကျော် တည်ဆောက်ပေးခဲ့ပြီး သဘာဝဘေးအန္တရာယ်လျှော့ချရေး (DRR)၊ သောက်သုံးရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ အခြေခံအဆောက်အအုံစီမံခန့်ခွဲမှု စသောသင်တန်းအကြိမ်ရေ (၅၀၀) ကျော်ခန့်ပြုလုပ်ပေးနိုင်ခဲ့သည်။

- ဆွစ်ဇာလန်နိုင်ငံမှပံ့ပိုးပေးသော UNDP မြို့နယ်အဆင့် ဒီမိုကရေစီအခြေပြုဒေသတွင်း အုပ်ချုပ်ရေး စီမံကိန်းအရ မွန်ပြည်နယ်၌ ပိုမိုပွင့်လင်းမြင်သာကာ အားလုံးပါဝင်နိုင်ပြီး တာဝန်ခံမှုရှိသောမြို့ နယ်အဆင့်အစီအစဉ်ရေးဆွဲခြင်းများကို တိုးမြှင့်နိုင်ခဲ့သည်။

အားလုံးပါဝင်နိုင်သည့် ဒီမိုကရေစီအခြေပြု လူ့အဖွဲ့အစည်းအဖြစ် ပိုမိုမြှင့်တင်နိုင်စေရန်နှင့် အထူးသဖြင့် ပဋိပက္ခဒဏ် သက်ရောက်မှုရှိသောသူများ၏ အခြေခံအခွင့်အရေးများအား ပိုမိုကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မူဝါဒဆိုင်ရာအပြန်အလှန်ပြောဆိုမှု၊ နည်းပညာကျွမ်းကျင်မှုနှင့် ငွေကြေးဆိုင်ရာပံ့ပိုးမှုတို့၏ အကျိုး ရလဒ်များမှာ

- ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွင်း ဆွစ်မှပံ့ပိုးပေးသော နိုင်ငံရေးပါတီများအတွက် ကျင့်ဝတ် စည်းမျဉ်းများအား ကျယ်ပြန့်စွာလိုက်နာကျင့်သုံးခြင်း၊
- ပါဝင်သူအမျိုးမျိုး (အစိုးရ၊ EAO၊ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်း) များသည် ဆွစ်ဇာလန်နိုင်ငံ လေ့လာရေးခရီးစဉ်များ၌ ကဏ္ဍစုံလင်သော စီမံခန့်ခွဲမှုများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်မူဝါဒ များအကြောင်း လေ့လာတွေ့မြင်နိုင်ခဲ့ခြင်း၊



- တင်းမာမှုများကိုရှောင်ရှားနိုင်စေရန် အကြမ်းဖက်မှုများနှင့် တိုးမြင့်လာသည့် ပဋိပက္ခဆိုင်ရာ ထိရှလွယ်သည့်အပြုအမူများအပေါ် သင့်တင့်လျောက်ပတ်စွာတုံ့ပြန်နိုင်မည့် အများပိုင်စွမ်းရည်များ မြင့်မားလာစေခြင်း၊

### ရည်ရွယ်ချက်များ

ဆွစ်နှင့်မြန်မာပူးပေါင်းဆောင်ရွက်မှု၏ အလုံးစုံသောပန်းတိုင်မှာ ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှု၊ ပဋိပက္ခအသွင်ပြောင်းလဲမှု၊ ပြန်လည်သင့်မြတ်မှုနှင့် နိုင်ငံထူထောင်ခြင်းတွင်အားလုံးပါဝင်မှုတို့ကို မြှင့်တင်ခြင်းအားဖြင့် ငြိမ်းချမ်းပြီးအားလုံးပါဝင်နိုင်သော ဒီမိုကရေစီအခြေပြု လူမှုအသိုင်းအဝိုင်းတစ်ရပ်ပေါ်ထွန်းလာရန်ဖြစ်သည်။ ဤရည်ရွယ်ချက်အရ ဆောင်ရွက်မှုမဏ္ဍိုင် (၃) ခုကို လုပ်ဆောင်ပါသည်။

- ငြိမ်းချမ်းရေး၊ နိုင်ငံထူထောင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး
- ကျွမ်းကျင်မှုအတတ်ပညာနှင့်ဈေးကွက်ဖွံ့ဖြိုးရေး
- ကျန်းမာရေး

### မဏ္ဍိုင်အားလုံးရှိ ကဏ္ဍစုံနှင့်ဆက်စပ်မှုအကြောင်းအရာ (၃) ခုမှာ၊

- ကျားမရေးရာတန်းတူညီမျှမှု
- ကောင်းမွန်သောအုပ်ချုပ်မှု
- သဘာဝဘေးအန္တရာယ်လျှော့ချမှု (DRR), ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင်

ထို့အပြင် ဆွစ်ဇာလန်နိုင်ငံသံရုံးအနေဖြင့် မြန်မာနိုင်ငံ၏မတူကွဲပြားမှုများအားပုံဖော်မှုကို ထိန်းသိမ်းစောင့် ရှောက်ပေးသော ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှုများအတွက်လည်း ပံ့ပိုးပေးလျက်ရှိပါသည်။

### မိတ်ဖက်လုပ်ဆောင်သူများ

ဆွစ်ဇာလန်နိုင်ငံသည် နိုင်ငံတကာနှင့်ဆွစ်မှလုပ်ဆောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ တချိန်တည်းမှာပင် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်ရှိ အစိုးရများမှတဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် EAOများအထိ အပြန်အလှန်ဆက်သွယ် လုပ်ဆောင်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ခြင်းများ၊ လူသားချင်းစာနာမှုအထောက်အပံ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အဓိကထားပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ ဒေသအတွင်း၌ ဆွစ်သံရုံးအနေဖြင့် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ဆွစ်ပူးပေါင်းဆောင်ရွက်ရေးရုံးများနှင့် နီးကပ်စွာနီးနှောဖလှယ်ကာ မဲခေါင်ဒေသ ဆွစ်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၂၀၁၈-၂၀၂၁ အားအကောင်အထည် ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံရှိဆွစ်ကိုယ်စား လှယ်ရုံးများနှင့်ပူးပေါင်း၍ အာဆီယံဆိုင်ရာ တာဝန်ယူမှုများအတွက်လည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

### ဘဏ္ဍာရေး

ငါးနှစ်တာဆောင်ရွက်မှုအတွက် SECO မှ CHF ၆.၆ မီလီယံ အပါအဝင် စုစုပေါင်း ဘတ်ဂျက်ငွေအဖြစ် CHF ၁၈၀ မီလီယံ အဆိုပြုရေးဆွဲခဲ့ပါသည်။ ခွဲဝေမှုအရ ငြိမ်းချမ်းရေး၊ နိုင်ငံထူထောင်ရေးနှင့် ကာကွယ်ရေးအတွက် (၅၂) ရာခိုင်နှုန်း၊ ကျွမ်းကျင်မှုအတတ်ပညာနှင့် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၃၃) ရာခိုင်နှုန်း၊ ကျန်းမာရေးအတွက် (၁၄) ရာခိုင်နှုန်းနှင့် အခြားသော ကြားဖြတ်လုပ်ငန်းဆောင်ရွက်မှုများအတွက် (၁) ရာခိုင်နှုန်း အသုံးပြုရန်ဖြစ်သည်။



Swisscontact/VSDP Myanmar

## SWISS DEVELOPMENT COOPERATION IN MYANMAR

**2012**
- Aung San Suu Kyi's visit to Switzerland to attend the International Labour Conference in Geneva
- Federal Councillor Didier Burkhalter opens the Swiss Embassy in Yangon

**2013**
- Swiss Cooperation Strategy Myanmar 2013-2017

**2014**
- Visit of U Thein Sein, the former president of Myanmar to Switzerland

**2015**
- Switzerland and Myanmar sign the Framework Agreement on Technical and Financial Cooperation and Humanitarian Assistance
- Switzerland as Bilateral Constituency in the Health Sector Coordination MHSCC 2015 -16

**2016**
- U Myo Thein Gyi, Union Minister of Education participates in the International congress on Vocational and Professional Education and Training in Winterthur

**2017**
- 60th anniversary of diplomatic relations Switzerland - Myanmar
- Designation of the first two Townships in the Gulf of Mottama as a wetland of global importance under the Ramsar Convention

**2018**
- Union Deputy Minister of Education participated in the International congress on Vocational and Professional Education and training in Winterthur
- Switzerland as chair of the Access to Health Fund Board in 2018/19

**2019**
- Swiss Cooperation Strategy 2019-2023
- Switzerland co-chair of the Local Governance Donor Coordination Group
- UPDJC study tour and retreat to Norway and Switzerland
- GAD study tour to Switzerland with MoUG Minister and MoPF Deputy Minister
- Switzerland as chair of the LIFT Fund Board in 2019/20
- Switzerland as Bilateral Constituency in the Health Sector Coordination MHSCC in 2019-21
- Collaboration with the MSWRR on setting up a national mine action authority
- Switzerland supported MSWRR on 7th ASEAN Ministerial Meeting on Disaster Management and 34th & 35th Meeting of the ASEAN Committee on Disaster Management